# ပုတီးစိပ်ခြင်း၏ အကျိုးကျေးဇူးများ

သုသုက



နေ့စဉ် ဗုဒ္ဓါနုဿတိ ကမ္မဋ္ဌာန်း စီးဖြန်းမည့် ပုတီးသမားတစ်ဦးသည် ဦးစွာပထမ မြတ်စွာဘုရားအား လှူဖွယ်ရာများကို လှူဒါန်းခြင်း၊ ဆုတောင်းခြင်းများပြုလုပ်ပြီး ငါးပါးသီလ၊ ရှစ်ပါးသီလ၊ ကိုးပါးသီလ၊ ဆယ်ပါးသီလ တစ်ပါးပါးတို့ကို ခံယူပါ။

ပုတီးသမား ယောဂီတစ်ယောက်အတွက် သီလသည် အဓိက အရေးကြီးလှသည်။ မြတ်ဗုဒ္ဓဂုဏ်တော်ကိုးပါးနှင့် သီလတရားတို့သည် အစဉ်ဒွန်တွဲ၍သွားပါသည်။

မြတ်ဘုရား၏ ဂုဏ်တော်ကိုးပါးသည် ပဓာနအကျဆုံးဖြစ်သလို ထို့အတူ သီလတရားတို့မှာလည်း အဓိကကျ၏။ ဤသို့ ဂုဏ်တော်နှင့် သီလတရားတို့ကို စောင့်ထိန်းကာ တွဲယှဉ်ကျင့်ကြံပါမှ ဗုဒ္ဓဘာဝနာ၏ သမာဓိထူး၊ သမာဓိမြတ်များကို ရရှိပါမည်။

ထို့ကြောင့် ပုတီးသမား သူတော်စင်အပေါင်းအား သီလတရားတို့ဖြင့် မြူစင်နေရန် ပန်ကြားအပ်ပါသည်။ ဂုဏ်တော်ဖြင့် သမာဓိတရား ထူထောင်ရာတွင် သီလတည်း ဟူသော တရားသည် အဓိကအခန်းက ပါဝင်နေကြောင်း သိစေအပ်ပါသည်။

ထို့ကြောင့် -

သီလ ဟူသည်. . .

အားလုံးသော တရားတို့၏ ဖြစ်ကြောင်းအစ မူလပင် ဖြစ်သည်။

သီလသည်. . .

အလုံးစုံသော ကုသိုလ်တရားတို့၏ ဘေးရန်ကင်းငြား လွန်ကြီးထွားအောင် ထိန်းသိမ်း စောင့်ရှောက်တတ်သောကြောင့် ကောင်းမွန်သောအမိလည်း မည်ပါသည်။

သီလ ဟူသည်. . .

အလုံးစုံသော ကုသိုလ်တရားတို့၏ အကြီးအမှူးလည်း ဖြစ်ပါသည်။ ဖြစ်ပွားရာ ဌာနခံတွင်းဝလည်း မည်ပါသည်။

ထို့ကြော -

ငြိမ်သက်၊ တည်ကြည်၊ သိမြင်၊ ထိုးထွင်းခြင်းသို့ ရောက်လိုသော ဗုဒ္ဓါနုဿတိပွားများသည့် ပုတီးသမားသည် သီလကို ဦးစွာစင်ကြယ်အောင် အထူးစောင့်ထိန်းရသည်။ သို့မှလည်း ကြည်လင်သောသမာဓိတရားကို ရရှိနိုင်မည် ဖြစ်ပါသည်။

'စန္ဒကူးနံ့သာသည် လည်းကောင်း၊ တောင်ဇလပ်ပန်းရနံ့သည်လည်းကောင်း၊ ကြာညိုပန်းရနံ့သည် လည်းကောင်း၊ မြတ်လေးပန်း ရနံ့သည် လည်းကောင်း ရှိ၏။ ထိုပန်းရနံ့အမျိုးမျိုးတို့ထက် သီလအနံ့သည်သာ အတုမရှိမြတ်၏။ တောင်ဇလပ်၊ စန္ဒကူးပန်းတို့၏ရနံ့သည် မပြောပလောက်။ အနည်းငယ်မျှသာ ဖြစ်၏။ သီလရှိသူတို့၏ သီလရနံ့သည်သာ ထူးကဲမွန်မြတ်သည်ဖြစ်၍ နတ်ပြည်သို့တိုင်လှိုင်၏'

(ဓမ္မပဒပါဠိတော်)

### ပုတီးသမားနှင့် အာရုံလေးပါး

**၁။ စက္ခုကုန္ဒြေကို စောင့်ထိန်းခြင်း**

ဂုဏ်တော်ကို ပုတီးစိပ်သော သူတော်စင်သည် ပုတီးစိပ်သည့်အခါတိုင်း မျက်စိကိုမှိတ်၍ ပုတီးစိပ်ရပါသည်။ ထိုသို့ ပုတီးစိပ်နေစဉ်အခါ၌ ရုပ်ပွားတော်များနှင့် စေတီပုထိုးများကို အာရုံမပြုဘဲ ပရမတ္ထတရားဖြစ်သော ဂုဏ်တော်မြတ်ကိုသာ မနေဖြင့် စက္ခုအာရုံတွင် ထင်မြင်လာအောင် ပုတီးလုံး တစ်လုံးချင်းအပေါ်၌ အာရုံပြုထားရပါမည်။

ပုတီးစိပ်နေစဉ်ဝယ် သတိလွတ်ပြီး တခြားအာရုံများသို့ ရောက်သွား

တတ်သည်။ ထိုအခါ ချက်ချင်း အာရုံကို ပြန်စု၍ ဂုဏ်တော်ပေါ်သို့ ပြန်လည် ညွှတ်ချထားပါ။

**၂။ သောတဒွါရကို စောင့်ထိန်းခြင်း**

မိမိနားမှလည်း တိုးတိုးလေး ရွတ်ဆိုနေသော ဂုဏ်တော်ရွတ်သံမှ တစ်ပါး အခြားသော အသံများကို လက်မခံနှင့်။ တခြား အသံဗလံများကို ကြားလာလျှင် ထိုအသံများခေါ် ဆောင်ရာသို့ ပါသွားတတ်ပါသည်။ ထိုအသံများနောက်သို့ လိုက်မသွားပါနှင့်။ ချက်ချင်း ပြန်လည် ဖျောက်ဖျက်ပစ်ပါ။ ထို့နောက် ပရမတ္ထတရားဂုဏ်တော်မြတ်ကိုသာ သောတနားအာရုံမှ ကြားနေပါစေ။

**၃။ ဃာနဒွါရကို စောင့်ထိန်းခြင်း**

တစ်ဖန် အနံ့အသက်များမွှေးကြိုင်လာလျှင် ထိုအနံ့များ၏နောက်သို့ လိုက်သွားမိတတ်ပါသည်။ မိမိနှာခေါင်းမှ ပရမတ္ထတရားဖြစ်သော ဂုဏ်တော်၏ သင်းကြိုင်သောရနံ့ကိုသာ အာရုံပြုနေပါ။

**၄။ ကာယဒွါရကိုစောင့်ထိန်းခြင်း**

မိမိ၏ ခန္ဓာကိုယ် ကာယမှလည်း ပုတီးစိပ်ခြင်းမှတစ်ပါး နာကျင်ကိုက်ခဲမှု၊ ပုရွက်ဆိတ်ကိုက်မှု၊ ခြင်၊ ကြမ်းပိုး စသော ကိုက်ခဲမှုဝေဒနာများနောက်သို့ လိုက်မသွားပါနှင့်။ အောင့်အည်းသည်းခံပြီး ပရမတ္ထတရားဖြစ်သော ဂုဏ်တော်ဟိတ်ပေါ်၌သာ အာရုံကိုညွှတ်၍ထားပါ။

ဤသို့ အာရုံလေးပါးကို ထိန်းချုပ်လာသောအခါ တစ်ခုတည်းသော ပရမတ္ထတရား ဂုဏ်တော်ပေါ်သို့သာ အာရုံပြုသောစိတ်၊ ညွတ်နေသောစိတ် (ဝါ) ဧကဂ္ဂတာဓမ္မဖြစ်သော သမာဓိတည်းဟူသော တည်ကြည်မှုကို ရရှိလာမည် ဖြစ်ပါသည်။

ပျံ့လွင့်နေသော၊ တစ်စက္ကန့်လျှင် ကုဋေတစ်သိန်း ချုပ်ငြိမ်းသော စိတ်ကို ထိန်းသိမ်းရသည်မှာ အလွန် ခက်ခဲလှပါသည်။ သို့ရာတွင် သတိကို လက်ယာ၊ ပညာကို လက်ဝဲထား၍ ထိန်းသိမ်းရပါမည်။ တဖြည်းဖြည်း အလေ့အကျင့်ရသောအခါ သမာဓိတည်လာပြီး ပြားနေသောအာရုံများကို စုစည်းထိန်းချုပ်နိုင်ပါမည်။

ထိုသို့ စိတ်ကို တစ်ခုတည်းဖြစ်အောင် လုပ်နိုင်သော ပုတီးတစ်လုံးကို ဖြစ်စေ၊ ပုတီးတစ်ပတ်လုံးကို ဖြစ်စေ၊ ပုတီးကိုးပတ်လုံးကိုဖြစ်စေ စိပ်နိုင်၊ ပွားများအားထုတ်နိုင်သော ပုတီးသမားတစ်ယောက်သည် အထက် ပါရမီစခန်း ဉာဏ်အဆင့်ဆင့်သို့ တက်လှမ်းနိုင်ပေပြီ။

ဤသို့ လူ့ခန္ဓာကိုယ်တွင်ရှိသော အာရုံလေးပါးတို့ကို ပိတ်ဆို့နိုင်ပြီး ဂုဏ်တော်ကိုးပါး၏ ကသိုဏ်းဝန်းပေါ်၌သာ တည်၍နေသော ပုတီးသမား ယောဂီတစ်ယောက်၏စိတ်တို့သည် ကြည်လင်အေးမြနေ၏။ ကိလေသာစိတ်မှ ကင်းဆိတ်နေ၏။ နီဝရဏတရားမှကင်းလွတ်နေ၏။ ဤသို့ ဖြူစင်သန့်ရှင်းစင်ကြယ်သော သမာဓိတရားကို လက်ဝယ်ရရှိသော သူတော်စင်ယောဂီပုတီးသမား၏ စိတ်သည် ထက်မြက်စူးရှ၏။ ကြံသမျှ ဆန္ဒများ အောင်မြင်၏။

ထိုအခါ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်မြတ်အပေါ် ကြည်ညိုသဒ္ဓါတရားတို့ဖြင့် ပြည့်စုံ၍နေပါသည်။ ထိုပုတီးသမား၏ စိတ်သည် နေ့စဉ် ကောင်းမှုကုသိုလ်စိတ်တို့ဖြင့်သာ ပြည့်စုံနေပါသည်။ မကောင်းသောစိတ်များကိုလည်း နေ့စဉ် ဖြည့်ဆည်းလေ့ကျင့်ထားသော ဂုဏ်တော်ဟိတ်ကြောင့် ဝင်ရောက်မလာနိုင်ကြပါ။

ထို့ကြောင့် ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းစီးဖြန်းသော ပုတီးသမားတစ်ယောက်အ ကုသိုလ်စိတ်သာ အစဉ် ကိန်းအောင်းကာနေပါသည်။

မြတ်ဗုဒ္ဓ၏ ဂုဏ်တော်ဟိတ်နှင့် ကုသိုလ်စိတ်များကြောင့် မကျန်းမမာဖြစ်နေသူသည် ကျန်းမာလာ၏။ စီးပွားဆုတ်ယုတ်နေသူသည် စီးပွားတိုးတက်၍လာ၏။ လုပ်ငန်းခွင်၌ အဆင်မပြေဖြစ်နေသူသည် အားလုံးအဆင်ပြေလာ၏။ ကုန်သည်များ ရောင်းပန်းဝယ်ပန်းများ ကောင်းလာသည်။

**ကြိုးမိန့်ကျခဲ့သူနှင့် မြတ်ဘုရားဂုဏ်တော်**

ကြိုးမိန့်ကျနေသူ တစ်ယောက်အကြောင်း တင်ပြလိုသည်။ ထိုကြိုးမိန့်ကျခဲ့သူမှာ နောက်ဆုံးအားကိုးရာအဖြစ်နှင့် မြတ်ဗုဒ္ဓ ဂုဏ်တော်ကိုးပါးတို့ကို နေ့ညမပြတ် ပုတီးစိပ်ကာ ကြည်ညိုခဲ့သည်။ ထိုအခါ ကြည်လင်သော သမာဓိတရားများကိုပင် ရရှိလာသည်။

ထိုပုဂ္ဂိုလ်မှာ သေမည့်တူတူ မြတ်ဗုဒ္ဓဂုဏ်တော်နှင့်ဖက်၍ သေတော့မည်ဟု ဆုံးဖြတ်ထားသည်။ ထို့ကြောင့် ဂုဏ်တော်ကိုသာ အချိန်ရှိသမျှ တရစပ်ပွားများကြည်ညိုခဲ့ပါသည်။

၎င်းသည် သေမိန့်ချမှတ်မည့်ရက်မရောက်မီ မှားယွင်းစီရင်မှုဖြင့် အမှုမှ ကွင်းလုံးကျွတ်လွတ်ခဲ့ပါသည်။

အထက်ပါ အဖြစ်အပျက်မှာ ကြိုးမိန့်ကျ၍ လွတ်လာသူ ပုတီးသမားက ကျွန်တော့်အား ပြန်လည်ပြောပြချက် အဖြစ်မှန် ဖြစ်ပါသည်။

တစ်ဖန် ထိုပုတီးသမား ယောဂီသည် ပုတီးဖြင့် ဗုဒ္ဓါနုဿတိဘာဝနာကို နေ့စဉ်ဝတ်မပျက် ဆက်လက်ပွားများခဲ့ရာ ပထမအထူးအရာရှိ ဖြစ်လာသည်။ ထို့နောက် ကိုယ်ပိုင်အလုပ်ကို လုပ်ခဲ့ရာ ကြီးပွားချမ်းသာလာသည်။ ယခုအခါ ရန်ကုန် ပါရမီရိပ်သာ၌ ခြံဝင်းကျယ်ကြီးတွင် တိုက်နှင့်ကားနှင့် နေထိုင်လျက် နေ့စဉ် အလှူအတန်းများကို လှူဒါန်းနိုင်သည်။ ဤသည်မှာ မြတ်ဗုဒ္ဓ၏ ဂုဏ်တော်၊ ကျေးဇူးတော်ကြောင့် ဖြစ်ပေ၏။

**အံ့ဖွယ်ရသေ့ကြီး ဦးခန္တီ၏**
**ဣစ္ဆာသယပုတီးစိပ်**

ဦးခန္တီ ဟူသည်မှာ ဒုတိယကမ္ဘာစစ်ကြီး မဖြစ်မီက ပေါ်ပေါက်ခဲ့သော သူတော်စင် ရသေ့ကြီးတစ်ဦး ဖြစ်သည်။

ရသေ့ကြီး ဦးခန္တီသည် သာသနာပြုရာ၌ သူမတူအောင် စွမ်းဆောင်နိုင်သော ပုဂ္ဂိုလ်ထူးကြီးလည်း ဖြစ်သည်။ ဦးခန္တီသည် မြန်မာနိုင်ငံအဝန်းရှိ သာသနိက အဆောက်အအုံများအား မိမိ၏ စရဏစွမ်းအင်ဖြင့် ဆောက်လုပ် လှူဒါန်းနိုင်သော စွမ်းအင်ရှိသူပုဂ္ဂိုလ် ဖြစ်၏။

ရသေ့ကြီးဦးခန္တီ၏ အကျင့်စရဏမှာ ဗုဒ္ဓါနုဿတိကမ္မဋ္ဌာန်းကို နေ့စဉ် ပူဇော်ခြင်းပင် ဖြစ်သည် (ဝါ) မြတ်စွာဘုရား၏ဂုဏ်တော်များကို နေ့စဉ် ပွားများအားထုတ်ခဲ့သည်ဟု ဆိုသည်။

ရသေ့ကြီးဦးခန္တီနှင့် ပတ်သက်၍ အောက်ပါအဖြစ်အပျက်မှာ ဖြစ်ရပ်မှန် တကယ့်အဖြစ်အပျက်တစ်ခု ဖြစ်သည်။ ထိုအဖြစ်အပျက်ကို ထိုစဉ်က ထုတ်ဝေသော လယ်တီသတင်းစာ၌ ဖော်ပြခဲ့ခြင်း ဖြစ်သည်။ အယ်ဒီတာချုပ်မှာ လယ်တီပဏ္ဍိတဦးမောင်ကြီး ဖြစ်သည်။

ထိုအဖြစ်အပျက်ကို သတင်းအဖြစ် ပြန်လည်ရေးသားသူသတင်းထောက်မှာ ဦးခန္တီ၏တပည့် ကပ္ပိယကြီးတစ်ဦး ဖြစ်သည်။

ဖြစ်ပုံမှာ. . .

ထိုအချိန်က ရသေ့ကြီးဦးခန္တီသည် ရွှေစက်တော်ရှိ သာသနိကအဆောက်အအုံများကို ပြန်လည်မွမ်းမံခြင်း၊ အသစ်တည်ဆောက်ခြင်းများကို ပြုလုပ်နေဆဲကာလ ဖြစ်သည်။

ရသေ့ကြီးဦးခန္တီသည် ကိစ္စတစ်ခု

ဖြင့် စစ်ကိုင်းတောင်ရိုးသို့ ရောက်ရှိလာသည်။ ထိုစဉ် ရသေ့ကြီး ဦးခန္တီနှင့် အရင်က ကျွမ်းဝင်ရင်းနှီးမှုရှိခဲ့သော သုဗောဓာရုံဆရာတော်ဘုရားကြီးထံသို့ ဝင်ရောက်ဝတ်ဖြည့်လေသည်။

သုဗောဓာရုံဆရာတော်ဘုရားကြီးက မြန်မာနိုင်ငံတစ်ဝန်းလုံး သိမ့်သိမ့်တုန်အောင် သာသနာပြုလျက်ရှိသော ရသေ့ကြီးဦးခန္တီအား တွေ့မြင်လိုက်ရသောအခါ -

"မောင်ခန္တီ၊ သာသနာပြုသည် ဆိုသည်မှာ အောင်မြင်ကျော်ကြားလှပေတယ်။ မင်းသာသနာပြုသမျှ အလှူဒါယကာ ဒါယိကာမများက အသင့်ရှိနေပြီး လိုလေသေးမရှိ လှူဒါန်းကြတယ်။ မင်းမှာ အဆောင်ကောင်းများ ရှိသလားကွယ်။ အဲဒီ အဆောင်ကောင်းများရှိရင် ဆရာတော်ကြီးလည်း သာသနာပြုချင်လို့ လှူဒါန်းခဲ့ပါလား မောင်ခန္တီ"

ဟု မိန့်ကြားလေသည်။

ထိုအခါ ရသေ့ကြီးဦးခန္တီက -

"မှန်လှပါဘုရား၊ တပည့်တော်တွင် အဆောင်ကောင်းရှိနေပါတယ်။ ထိုအဆောင်ကို အရှင်ဘုရားအား လှူဒါန်းခဲ့ပါ့မယ်"

ရသေ့ကြီးဦးခန္တီသည် သုဗောဓာရုံဆရာတော်ကြီးအား ဤသို့ လျှောက်ထားလိုက်ပြီး ဆရာတော်ကြီးရှေ့တွင် လက်အုပ်ချီလျက် ဘုရားရှိခိုးဂါထာကို ကိုးခေါက်တိတိ ရွတ်ဆိုပူဇော်လိုက်လေသည်။

ရသေ့ကြီးဦးခန္တီ ဤသို့ သုဗောဓာရုံဆရာတော်ကြီးရှေ့တွင် ကျုံ့ကျုံ့ထိုင်ကာ ကိုးခေါက်တိတိ ရွတ်ဆိုပူဇော်ကန်တော့ပြီးသောအခါ သုဗောဓာရုံကျောင်းကြီးပေါ်သို့ ဝတ်ဖြူစင်ကြယ်ဝတ်၍ထားသူ ပုဂ္ဂိုလ်တစ်ဦး တက်ရောက်လာခဲ့၏။ ထိုပုဂ္ဂိုလ်မှ ဆရာတော်ဘုရားကြီးနှင့် ဦးခန္တီတို့အားဝတ်ပြုပြီး ရသေ့ကြီးဦးခန္တီအား ငွေသားငါးရာကျပ် လှူဒါန်းသွားသည်။ ထိုစဉ်က ငွေငါးရာကျပ်၏တန်ဖိုးမှာ အလွန်ပင် ကြီးမားလှပါသည်။

ထိုငွေလှူသော ဝတ်ဖြူစင်ကြယ်ဝတ်ဆင်ထားသူကို ရသေ့ကြီးဦးခန္တီကလည်း သိကျွမ်းခဲ့ခြင်း မရှိ။ ထို့အတူပင် သုဗောဓာရုံဆရာတော်ကြီးကလည်း သိကျွမ်းခြင်း မရှိဟု ဆိုသည်။

"ဒီဘုရားရှိခိုးဂါထာဟာ တပည့်တော်ရဲ့ အဆောင်ကောင်းပါပဲ ဘုရား"

ဟု လျှောက်ထားကာ ရသေ့ကြီးဦးခန္တီက သုဗောဓာရုံဆရာတော်ကြီးအား ထိုဂါထာကို လှူဒါန်းခဲ့လေသည်။

သုဗောဓာရုံဆရာတော်ဘုရားကြီးမှာ သူမျက်စိအောက်တွင်ပင် ဝတ်ဖြူစင်ကြယ်ဝတ်ထားသူတစ်ဦးက ဦးခန္တီအား ငွေသားငါးရာကျပ် လာရောက်လှူဒါန်းသည်ကို မျက်ဝါးထင်ထင် တွေ့မြင်လိုက်ရသည်။ ထို့ကြောင့် သုဗောဓာရုံဆရာတော်ဘုရားကြီးသည် ဦးခန္တီလှူဒါန်းခဲ့သည့် ဘုရားရှိခိုးဂါထာကို နေ့စဉ်ရွတ်ဆို ဝတ်ပြုဆုတောင်းခဲ့ရာ သုဗောဓာရုံကျောင်းကြီးအား ပြန်လည် တည်ဆောက်နိုင်ခဲ့သည်ဟု ကပ္ပိယ သတင်းထောက်က လယ်တီသတင်းစာကြီးတွင် ဖော်ပြထားပေသည်။

ထိုစဉ်က ထုတ်ဝေသော (ဒုတိယကမ္ဘာစစ်ကြီးမဖြစ်မီက) လယ်တီသတင်းစာအဟောင်းကြီးကိုကိုင်ကာ ဒကာကြီးတစ်ယောက် ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့် ပရိဝုဏ်အတွင်းရှိ သီရိမင်္ဂလာကျောင်းသို့ ရောက်ရှိလာ၏။

ထို့နောက် လယ်တီသတင်းစာပါ ဘုရားရှိခိုးဂါထာကို မြန်မာလို အနက်ပြန်ပေးပါရန် ဆရာတော်ကို လျှောက်ထားသည်။

ထို့ကြောင့် သီရိမင်္ဂလာကျောင်း ပဓာနဆရာတော် အရှင်ဉာဏိဿရက အောက်ပါအတိုင်း အနက်ပြန်ပေးလိုက်သည်။

## ရသေ့ကြီးဦးခန္တီ၏<br>သာသနာပြုအဆောင်ကောင်း<br>ဂါထာမူရင်း

အရဟံ ဗဟိအန္တဇယံ သုဂတံ၊
အမိတံ ဝိရဇံ လလိတံ အတုလံ။
စရဏံ တိဘဝုဘာသမံ ယမကံ၊
သုခဒံ သရဏံ ပနာမာမိ ဇိနံ။

မြန်မာပြန်ခနက် -

**အရဟံ** - ပူဇော်အထူးကို ခံယူတော်မူထိုက်သော မြတ်စွာဘုရားကို၊ **အဟံ** - ကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **ဗဟိအန္တဇယံ** - အတွင်းရန် အပြင်ရန်တို့ကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ **အဟံ**- အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **သုဂတံ** - ကောင်းသောစကားကို ဆိုတော်မူတတ်သော မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ပနာမာမိ**-ကိုင်းညွတ်ရိုကျိုးရှိခိုးပါ၏။ **အမိတံ**- မနှိုင်းယှဉ်အပ်သော ဂုဏ်တော်အပေါင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**- အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုးရှိခိုးပါ၏။ **ဝိရဇံ** -ကိလေသာမြူ ကင်းဝေးတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **လလိတံ** - ရောင်ခြည်တော်ခြောက်သွယ်တို့ဖြင့် ကွန့်မြူးစံပယ်တော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **အတုလံ** - သီလ အစရှိသော ဂုဏ်တို့ကြောင့် တစ်စုံတစ်ယောက်သောသူတို့နှင့် တူတော်မမူသော မြတ်စွာဘုရားကို၊ **အဟံ**- အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **စရဏံ** - နိဗ္ဗာန်ရောက်ကြောင်း အကျင့်ကောင်းနှင့် ပြည့်စုံတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**- အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **တိဘဝုဘာသမံ** - ဘဝသုံးပါးမှငြိမ်းအေးတော်မူသော မြတ်စွာဘုရားကို၊ **အဟံ** - အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ် ရိုကျိုးရှိခိုးပါ၏။ **ယမကံ** - ရေမီးအစုံစုံသော တန်ခိုးပြာဋိဟာကို ပြတော်မူသော မြတ်စွာဘုရားကို၊ **အဟံ**- အကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **သုခဒံ** - လူ၊ နတ်၊ နိဗ္ဗာန် သုံးတန်သောချမ်းသာကို ပေးတော်မူတတ်သော မြတ်စွာဘုရားအား၊ အဟံ - အကျွန်ုပ်သည်၊ **ပနာမာမိ** -ကိုင်းညွတ်ရိုကျိုးရှိခိုးပါ၏။ **သရဏံ**- လူ၊ နတ်၊ ဗြဟ္မာ သုံးဘုံသားတို့၏ ကိုးကွယ်ဆည်းကပ်ရာဖြစ်သော မြတ်စွာဘုရားအား၊ **အဟံ** - ကျွန်ုပ်သည်၊ **ပနာမာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။ **ဇိနံ** - မာရ်ငါးပါးကို အောင်မြင်တော်မူသော မြတ်စွာဘုရားကို၊ **ပနာ မာမိ** - ကိုင်းညွတ်ရိုကျိုး ရှိခိုးပါ၏။

✦ ✦ ✦

ရွှေဘုန်းပွင့်ပရိဝုဏ်ရှိ သီရိမင်္ဂလာဆရာတော် အရှင်ဉာဏိဿရက ရသေ့ကြီးဦးခန္တီ၏ သာသနာပြု အဆောင်ကောင်းဂါထာကို မြန်မာဘာသာသို့ ပြန်ဆိုပေးလိုက်သည်။

ထိုစဉ်က ပုဇွန်တောင်မြို့နယ်ရှိ ရွှေဘုန်းပွင့်စေတီမြတ်အား ဘက်စုံမွမ်းမံပြင်ဆင်နေချိန်နှင့် တိုက်ဆိုင်နေသည်။ ထို့ကြောင့် ဆရာတော် ရှင်ဉာဏိဿရသည် သူကျောင်းအိုကြီးကို ပြင်ဆင်ရန် သတိရလာသည်။

ထို့ကြောင့် ရသေ့ကြီးဦးခန္တီ၏သာသနာပြု အဆောင်ကောင်း ဘုရားရှိခိုးကို ရွှေဘုန်းပွင့်စေတီမြတ်၌ အဓိဋ္ဌာန်ကိုး

ရက်စခန်း စတင် ဝင်လေသည်။ ဆရာတော်၏အဓိဋ္ဌာန်ဝင်ပုံမှာလည်း ထူးဆန်းသည်။ ရသေ့ကြီး ဦးခန္တီ၏ ဘုရားရှိခိုးဂါထာကို နံနက်အရုဏ်တက်၌ တစ်ရာ့ရှစ်လုံး ပုတီးတစ်ပတ် (ဂါထာစဆုံး ပုတီးလုံးချစနစ်)၊ နေမွန်းတည့်ချိန်တွင် ပုတီးတစ်ပတ်၊ ညနေဆည်းဆာတွင် ပုတီးတစ်ပတ်ဖြင့် တစ်နေ့လျှင် ပုတီးသုံးပတ်စိပ်ကာ ဝတ်ပြု ဆုတောင်းလေသည်။

ဤသို့ ဆရာတော် အရှင်ဉာဏိဿရ အဓိဋ္ဌာန်ဝင်ခဲ့ရာ ကိုးရက်ပြီးမြောက်အောင်မြင်သွားလေသည်။ သီရိမင်္ဂလာကျောင်းဟောင်းကြီးကို စတင်ဖြိုဖျက်နေစဉ်တွင် အလှူရှင် ဒါယကာ၊ ဒါယိကာမများ အသီးသီးပေါ်လာကြပြီး အသစ် မွမ်းမံပြင်ဆင် ဆောက်လုပ်နိုင်ခဲ့သည်။ အစိုးရဈေးဖြင့် ထိုစဉ်က သိန်း (၁၅၀) ကျပ် ကုန်ကျခဲ့သည်။ သီရိမင်္ဂလာကျောင်းလည်း အသစ်ဖြစ်သွားခဲ့သည်။

ဤသည်တို့မှာ ရသေ့ကြီးဦးခန္တီ၏ ဗုဒ္ဓါနုဿတိ အဆောင်ကောင်း ပုတီးစိပ်ကြောင့်ဟု ဆိုရပါမည်။ သီရိမင်္ဂလာကျောင်း အသစ်ဆောက်လုပ် အောင်မြင်ခဲ့ရခြင်းမှာ လယ်တီသတင်းစာထဲပါ ရသေ့ကြီးဦးခန္တီမှ သုဗောဓာရုံဆရာတော်ကြီးအားလှူခဲ့သော ဗုဒ္ဓါနုဿတိ ပုတီးစိပ်၏ အကျိုးပေးမှုကြောင့် ဖြစ်၏။

သီရိမင်္ဂလာကျောင်း ဆရာတော်သည် မိမိတို့သီတင်းသုံးသော ကျောင်းဟောင်းကြီးကို ကျောင်းသစ်ကြီးအဖြစ် မျက်လှည့်ပြသလို ပြောင်းလဲသွားသည်ကို အံ့ဩနေမိသည်။ အချိန်တိုအတွင်း ဤသို့ပြောင်းလဲသွားသည်မှာ မယုံနိုင်လောက်အောင်ပင် ဖြစ်သည်။ တိုက်ဆိုင်၍လော၊ အလှူရှင်များ၏ စေတနာကြောင့်လော၊ ရသေ့ကြီးဦးခန္တီ၏ သာသနာပြုအဆောင်ကောင်း ဂါထာကြောင့်လော။ ထို့ကြောင့် ဆရာတော် အရှင်ဉာဏိဿရသည် ရသေ့ကြီးဦးခန္တီ၏ ဘုရားရှိခိုးဂါထာကို နောက်ထပ်တစ်ကြိမ် အဓိဋ္ဌာန်ဝင်လိုသည်။ သို့မှသာ ဦးခန္တီ၏ဘုရားရှိခိုးဂါထာ စွမ်း၊ မစွမ်းသိရှိနိုင်မည် ဖြစ်သည်။

ပုဇွန်တောင် ရွှေဘုန်းပွင့် ပရဝဏ်အတွင်းရှိ သီရိမင်္ဂလာ ဆရာတော် အရှင်ဉာဏိဿရသည် ပဲခူးတိုင်း ကဝမြို့နယ် မက္ကဘင်းရွာသားတစ်ဦး ဖြစ်သည်။ ဆရာတော်မှာ မယ်တော်ကြီးနှင့် ခမည်းတော်ကြီးတို့ကို မတွေ့ရတာကြာပြီဖြစ်လို့ မွေးရပ်ဇာတိမြေသို့ ပြန်ကြွသွားလေသည်။ ထိုအခါ ရွာသူရွာသားများက ဆရာတော်အား မက္ကဘင်းကျေးရွာရှိ ရှေးဟောင်းကျောင်းကြီးကို ပြုပြင်မွမ်းမံတည်ဆောက်ပေးပါရန် လျှောက်ထားလာကြသည်။

မက္ကဘင်းရွာရှိ ထိုကျောင်းဟောင်းကြီးမှာ လွန်ခဲ့သော နှစ်ပေါင်းတစ်ရာကျော်က တည်ဆောက်ခဲ့သော ရှေးကျောင်းကြီး ဖြစ်သည်။

ဆရာတော်သည် မိမိမွေးဇာတိ မက္ကဘင်းကျေးရွာရှိ ထိုရှေးဟောင်းကျောင်းကြီးကို ပြုပြင်ရန် အနည်းငယ်စိုးရိမ်စိတ်ဝင်နေသည်။ ထိုကျောင်းကြီးကို ရှေးမူအတိုင်းပြန်လည်တည်ဆောက်ရန် တာဝန်မှာ ကြီးမားလှသည်။

သို့သော် ဆရာတော် အရှင်ဉာဏိဿရသည် သူအဓိဋ္ဌာန်ဝင်လိုသော အကြောင်းအရာများနှင့် တိုက်ဆိုင်လာသည်။ ထို့ကြောင့် ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်း သာသနာပြု ဘုရားရှိခိုးကို ပထမမူအတိုင်း အဓိဋ္ဌာန်ကိုးရက် စတင်ဝင်ပါတော့သည်။

အဓိဋ္ဌာန် ကိုးရက် ပြီးမြောက်အောင်မြင်ပြီးနောက် ရွာမိရွာဖများနှင့် မက္ကဘင်းကျေးရွာဝန်းကျင်ရှိ ရွာများမှ အလှူရှင်များ အလျှိုလျှို ပေါ်ပေါက်လာသည်။ ထို့ကြောင့် ကဝမြို့နယ် မက္ကဘင်းကျေးရွာရှိ ရှေးဟောင်းကျောင်းကြီးကို ပြန်လည်ပြုပြင်တည်ဆောက်ရာ ၂၀၀၂ ခုနှစ်တွင် ပြီးစီးအောင်မြင်သွားခဲ့လေ၏။ ထိုစဉ်က ထိုကျောင်းကြီးကို ပြုပြင်ခဲ့ရာ ကျပ်သိန်းပေါင်း သုံးရာကျော်ကုန်ကျ၍ ကာလပေါက်ဈေးမှာ သိန်း(၈၀၀) ကျော်ခဲ့ပါသည်။

ဤသို့ ဒုတိယအကြိမ် အဓိဋ္ဌာန်နှင့် သာသနာပြုလုပ်ငန်းကြီး အောင်မြင်သွားခဲ့သည်မှာ ရသေ့ကြီးဦးခန္တီ၏ဘုရားရှိခိုးအစွမ်းကြောင့် ဖြစ်သည်။

ဆရာတော်၏ သာသနာပြုသော သတင်းတို့သည် ကဝမြို့နယ် မက္ကဘင်းရွာမှပျံ့နှံ့သွားခဲ့ရာ ရန်ကုန်တိုင်း ခရမ်းမြို့နယ် သဖြူကန်ကျေးရွာအထိ ပြန့်သွားခဲ့လေသည်။ ထို့ကြောင့် သဖြူကန်ကျေးရွာရှိ ရပ်မိရပ်ဖများက သူတို့ရွာရှိ ရှေးကျောင်းဟောင်းကြီးကိုလည်း အသစ်ပြန်လည် တည်ဆောက်ပေးပါရန် ဆရာတော်အား လျှောက်ထားလာခဲ့ပြန်ပါသည်။

ဆရာတော်သည် တတိယအကြိမ်မြောက် ရသေ့ကြီးဦးခန္တီ၏ အဆောင်ကောင်း ဗုဒ္ဓါနုဿတိ ဘုရားရှိခိုးဂါထာကို အဓိဋ္ဌာန်ဝင်ပြန်သည်။ အဓိဋ္ဌာန်ကိုးရက်ဝင်ခဲ့ရာ ပြီးစီးအောင်မြင်သွားခဲ့သည်။ (တစ်နေ့လျှင် ပုတီးပတ်ကို မနက်အရုဏ်၌လည်းကောင်း၊ နေ့လယ် မွန်းတိမ်းချိန်၌လည်းကောင်း၊ ညနေဆည်းဆာချိန်၌ လည်းကောင်း ပွားများအားထုတ်ခဲ့ခြင်း ဖြစ်သည်။)

ဤကဲ့သို့ အဓိဋ္ဌာန်ဝင်ပြီးနောက် ထူးဆန်းသည်မှာ အလှူရှင် ဒါယကာများ၊ ဒါယိကာမများ အသီးသီးပေါ်လာသည်ဟုဆိုသည်။ ထို့ကြောင့် သဖြူကန်ကျေးရွာရှိ ရှေးဟောင်းကျောင်းကြီးကို ၂၀၀၇ ခုနှစ်တွင် အောင်မြင်စွာ ဆောက်လုပ်ပြီးစီးပြီး ရေစက်သွန်းချ ဓာမျှဝေနိုင်ခဲ့သည်။ ကျပ်သိန်းပေါင်း နှစ်ရာကျော် ကုန်ကျခဲ့လေသည်။

ထို့အပြင် ဆရာတော်သည် ရသေ့ကြီး ဦးခန္တီ၏ အဆောင်ကောင်း ဘုရားရှိခိုးကြီးကို လူဘဝ၌ အခက်အခဲတွေ့ကြုံနေရသော တပည့်ကျောင်းသားများ၊ ဒကာဒကာမများကို နေ့စဉ်ဝတ်မပျက် ပူဇော်ကန်တော့ ပုတီးစိပ်ရန် ညွှန်ကြားခဲ့သည်။ တပည့်ကျောင်းသားများမှာ ဝတ်မပျက် နေ့စဉ် အဓိဋ္ဌာန်ပုတီးစိပ်ခဲ့ကြရာ မိမိသွားလိုသော နိုင်ငံရပ်ခြားများသို့ သွားရောက်နိုင်ခဲ့ကြပေသည်။

ထို့အတူ အခက်အခဲတွေ့နေသော ဒါယကာ၊ ဒါယိကာမများမှာလည်း ငွေရေးကြေးရေးနှင့် အလုပ်အကိုင်များ အဆင်ပြေကုန်ကြသည်ဟု ဆိုသည်။

ဤသို့ ဗုဒ္ဓါနုဿတိ၏ တန်ခိုးကြောင့် အောင်မြင်ကြခြင်းမှာ -

၁။ ကျင့်ကြံအားထုတ်သူ ယောဂီ၌ သီလစင်ကြယ်ခြင်း၊

၂။ မြတ်စွာဗုဒ္ဓ၏ ဂုဏ်တော်မြတ်ကို အနက်ပါသိပြီး ကြည်ညို သဒ္ဓါတရားဖြင့် ရွတ်ဖတ်ခြင်း၊

၃။ တိကျသော အဓိဋ္ဌာန်အတိုင်း(ဝါ) သစ္စာဆိုခဲ့သည့်အတိုင်း မပျက်မကွက် အားထုတ်နိုင်ခြင်း

စသော အချက်များကြောင့် မြတ်ဗုဒ္ဓဂုဏ်တော်အပေါင်းသည် ထက်မြက်စူးရှခြင်း ဖြစ်ပါသည်ဟု တင်ပြလိုက်ရပါသည်။

သုသုက

*(မှတ်ချက်။ ။ အသေးစိတ်သိလိုပါက ရန်ကုန်တိုင်း ပုဇွန်တောင်မြို့နယ် ရွှေဘုန်းပွင့်စေတီ ပရိဝုဏ်အတွင်းရှိ သီရိမင်္ဂလာကျောင်း ပဓာနဆရာတော်ကြီး အရှင်ဉာဏိဿရထံသို့ လျှောက်ထားမေးမြန်းနိုင်သည်။)*